

ကိန္နရီလစဉ်
မင်းမြတ်သူရ
တိမ်ကြားမင်းခေါင်
ပန်းချီ
ရဲရင့်


အားလုံးကောင်းတယ်
ဆိုတာမဖြစ်နိုင်ဘူး...
လောကမှာ ဘယ်အရာမှ
တညီတညွတ်တည်း
တူညီတယ်ဆိုတာ
မဖြစ်နိုင်ဘူး...
အားလုံးထဲကအချောဆုံး
အလှဆုံး ရှိကိုရှိရမယ်...


လိုတရ မြစ်ဆိပ်
ဤမြစ်ဆိပ်သည်ဧရာဝတီမြစ်ကမ်းနဖူးရှိရွာလေးတစ်ရွာအနီးတွင်တည်ရှိသည်။ယင်းမြစ်ဆိပ်သည်ရှေးယခင်ကထိုသို့မစည်ကားသေး...အနီးအနားမြစ်ဆိပ်များ၌မကြာမခဏဓားပြတိုက်မှုများဖြစ်ပွားလာရာမှသာစည်ကားလာရခြင်းဖြစ်သည်...


ဤမြစ်ဆိပ်သည်နာမည်နှင့်လိုက်အောင်ပင်လိုတရ
၏။ထမင်းဆိုင်၊ခေါက်ဆွဲဆိုင်၊လက်ဖက်ရည်ဆိုင်၊
အရက်ဆိုင်တို့အပြင်အခြားသောပျော်ရွှင်ဖွယ်ရာ
တို့ကလည်း အပြည့်အဝတို့အတွက်...


လှေသမားတို့သည်
လိုတရမြစ်ဆိပ်သို့
ရောက်လျှင်...
စုဆောင်းထားသမျှ
ကုန်စင်သွားကြ၏။
လောင်းကစားဝါသနာ
ပါသော လှေထိုးသား
တို့သည်လည်း...
ဖဲဝိုင်းများ၌ ပါသမျှ
ကုန်ရရှာ၏...


အောင်ကြီး
လိုတရ၏ ဆွဲဆောင်မှုများကြောင့်ထိုလေ့ထိုးသားများသည်အိမ်သူဇနီးမယားများထံ
ပြန်တိုင်းမျက်နှာမလှကြရ…




လိုတရသည် ဤမျှဆွဲဆောင်အားကောင်းခဲ့ပါ၏။ထို လိုတရမြစ်ဆိပ်တွင်လူပြောသူပြောများသောအဓိက အကြောင်းအရာ တစ်ခုကျန်ရှိပါသေး၏...




ထိုအရာမှာမြစ်ကမ်းနဖူးနှင့်ခပ်လှမ်းလှမ်းတွင် ရှိသောလိုတရတဲအိမ်ကလေးများပင်၊ထိုတဲအိမ် ကလေးများတွင်ပုရိသတို့အတွက်ပျော်တော် ဆက်မိန်းကလေးများရှိ၏...
ပျော်တော်ဆက်ကလေးများသည်ချောမော လှပပြီးဆွဲဆောင်အားကောင်းလှသည်ဟု နာမည်သတင်းကြီးလှ၏...
သည့်အတွက် ငွေရှင်သောလှေထိုးသားတိုင်းနီးပါးသည် ဤ တဲအိမ်ကလေးများတွင်လာပြီး အချိန်မဖြုန်းဘဲငွေကြေးမဖြုန်း ဘဲ မနေနိုင်ကြ...
ဤအရာအားလုံးများကြောင့်သာ လိုတရမြစ်ကမ်းသည် ဤသို့ သတင်းကြီးခြင်းဖြစ်တန်ရာပါတကား...


မြစ်မင်းရော
ထန်းရည်ဆိုင်
ထွီး သိပ်ညံ့တဲ့ထန်းရည်ပဲ၊ ဒီထက်ကောင်းတဲ့ထန်းရည်မရှိတော့ဘူးလားကွ... ဟေ...
မြက်ဦးထုပ်ဆောင်းလူစိမ်း၏ မေးမြန်းမှုကြောင့်ဆိုင်ရှင် လူဝကြီးသည်မျက်နှာကွက်ခနဲပျက်ပြီးပျာယာခတ်သွား၏။
ဟို... မရှိတော့ပါဘူး၊ဒီ ထန်းရည်ကိုပဲကျုပ်တို့ ဒီကလူတွေအကောင်းဆုံးထားသောက်ကြတာပါ...
လူဝကြီး၏စကားအဆုံးတွင်လူစိမ်းသည် ပိုက်ဆံတစ်မူးအား စားပွဲပေါ်သို့ ပစ်ချလိုက်၏...




လူစိမ်း၏အမေးကြောင့် ပြဿနာတတ်ပုံရသည့် လူတစ်ယောက် မိမိဆိုင်မှလွတ်မြောက်တော့မည်ဟု တွေး၍ ဆိုင်ရှင်လူဝကြီးသည် ကြိတ်ပြီးဝမ်းသာသွားရှာ၏...







လောကမှာ ဘယ်အရာမှ တညီတညွတ်တည်း တူညီတယ်ဆိုတာ မဖြစ်နိုင်ဘူး၊ အဲဒီအားလုံးထဲက အချောဆုံး အလှဆုံးဆိုတာ ရှိကိုရှိရမယ်...
ဒါ... ဒါဆိုရင်တော့ မြနန်းသီတာဆိုတဲ့ မိန်းကလေးဆီကိုသာသွားပါဗျာ၊ သူဟာ ဒီတစ်ဝိုက်မှာတော့ နာမည်သတင်းအကြီးဆုံး၊အချောဆုံး အထင်ပေါ်အကျော်ကြားဆုံးပါပဲ...
ဒါပေမဲ့ မြနန်းသီတာဟာ လူကြိုက်များသူဆိုတော့ သူ ဒီအချိန်မှာအားမှအားပါ့မလား မသိဘူး...
ဒါ... ခင်ဗျားအလုပ်မဟုတ်ဘူး၊ ကျုပ်ဆိုတဲ့ကောင်က ကျုပ် လျှောက်မဲ့လမ်းမှာ ဘယ်သူ့မှလာတားဆီးတာ မခံဘူး၊ အားလုံးရှင်းပစ်တတ်တယ်...
၁၀


လူစိမ်းသည်သည့်နောက်ပိုင်းတွင် ဆိုင်ရှင်လူဝကြီးညွှန်ပြရာတဲတန်း လေးများဘက်သို့ထွက်ခွာသွား၏။
လူစိမ်းထွက်ခွာသွားပြီးသိပ်မကြာ...
ဆိုင်ရှင်လူဝကြီး၏မျက်စပစ်သတိပေးမှုကြောင့် ဆိုင်ထောင့်ထန်းရည်ဝိုင်းမှ လူသုံးဦးသည် လူစိမ်းနောက်သို့ လိုက်ပါသွားကြ၏...






လိုက်လာသူ(၃)ဦးအနက်မှ နုတ်ခမ်းမွေးကားနှင့် လူ၏စကားကြောင့်လူစိမ်းသည်တစိမ့်စိမ့်ပြုံးမိ၏။ သည်မှတစ်ဆင့်အားပါးတရရယ်မောချလိုက်၏...




မင်းတို့လို ခပ်ညံ့ညံ့လူမိုက်လေးတွေပဲ ငါ့ကို မကြာခဏရှိခိုးသွားကြတယ်၊ ကဲ အဲဒီတော့ မင်းတို့လည်း ငါ့ကို ရှိခိုးပြီးတောင်းပန်သွားကြ
ဘာ... ဘာကွ မင်း ဒီလိုတရမှာ လူမိုက်နှုတ်ခမ်းမွေး ဆိုတာမကြားဖူးဘူးလားကွ... ဟေ
အဟား...မကြားဘူးပေါင် ကွာ၊အေးလေ လူမိုက်ဆိုရင်တော့ ဆုံးမရသေးတာပေါ့၊ ဒါပေမဲ့ မင်းတို့ ကို ဆုံးမဖို့အချိန် ငါ့မှာမရှိဘူးဖြစ် နေတယ်...ဒီတော့
စကားအဆုံးတွင်လူစိမ်းသည်သူ၏ကုတ် အင်္ကျီအတွင်းဘက်မှခြောက်လုံးပြူးသေနတ် အား ဆတ်ခနဲ ဆွဲထုတ်လိုက်၏...


ကဲ… အားလုံး ဒူးထောက်ထိုင်ပြီး ငါ့ကို ခပ်မြန်မြန်ရှိခိုးတောင်းပန်လိုက်ကြစမ်း၊ ပြောနေတာ မကြားဘူးလား၊ မင်းတို့ခြေထောက်တွေ ကျိုးကုန်ချင်ကြသလား ကွ… ဟေ
လူစိမ်း၏ မာထန်သောအမိန့်ကြောင့် ပျာယာခတ်သွားသော လူ(၃)ဦးသည် ထိတ်ထိတ်လန့်လန့်နှင့်ဝိုင်း၍ ရှိခိုးတောင်းပန်ကြ၏…
ရှိခိုးတောင်းပန်ချိန် မည်မျှကြာသွားသည် မသိ…
သူတို့ကြောက်ကြောက်ရွံ့ရွံ့နှင့်… မော့ကြည့်မိချိန်တွင်မူ လူစိမ်း ထိုနေရာ၌ မရှိတော့ပါ
တကား…


အချိန်သည်... နေဝင်ပြီးစ ညနေဆည်းဆာကို ကျော်လွန်ခဲ့ပြီး တဲအိမ်ကြီး၏အိပ်ခန်းတွင်းတွင် မီးအိမ်တို့ မှုန်မှုန်ရီရီ လင်းနေ၏...
ထိုအလင်းတို့ကြားရှိမြနန်းသီတာသည် ခုတင်ပေါ်တွင်တင်ပလ္လင်ထိုင်ပြီး ပိတုန်းရောင်ကေသာကို ဖြန့်ချကာ လှချင်တိုင်းလှနေလျက်...
ရှင် ဘာလုပ်နေတာလဲ... ကျွန်မရဲ့ ရုပ်ရည်ကမလှလို့လား ဟင်...
မင်းရုပ်ရည်က လှပါတယ်...ဒါပေမဲ့ မင်း အပါအဝင် ဘယ်မိန်းကလေးမှ ငါ့ကို မဆွဲဆောင်နိုင်ဘူး...


လူစိမ်း၏ စကားကြောင့်... မြသီတာ၏ မျက်နှာသည် ရှုံ့မဲ့သွားသည်ထိ မကျေမနပ် ဖြစ်သွား၏...
ဒါဆို ကျွန်မဆီ ရှင် ဘာကိစ္စ ရောက်လာတာ လဲ...
ကျုပ် ဒီကိုလာတာ မင်းယောကျ်ား မိုးကြိုးနဲ့ပတ်သက် နေတယ်...
မပြောနဲ့...သူ့အကြောင်း မကြားချင်ဘူး၊ ကျွန်မ ဒီဘဝ ရောက်ရတာ သူ့ကြောင့်...ဒါကို ရှင် သိရဲ့လား... ပြီးတော့ ဒီလူက သေပြီ... ငရဲလားသွားတာ ကြာပြီ...


အင်း…ရွှေဘိုဘက်မှာ မားပြတိုက်ရင်းပုလိပ်သတ်လို့ မင်းယောကျ်ားသေသွားမှန်း ကျုပ်သိပါတယ်၊ ဒါ…ကျုပ်ကိစ္စမဟုတ်ပါဘူး…ကျုပ်ကိစ္စကမင်းယောကျ်ားနဲ့ပတ်သက်ပြီး မင်းဆီကပစ္စည်းလေးတစ်ခုယူဖို့ပါ…
ဘာ…ဘာပစ္စည်းလဲ၊ သူနဲ့ပတ်သက်ပြီး အဖိုးတန်တဲ့ပစ္စည်းဆိုလို့ ကျွန်မဆီမှာ ဘာမှမရှိဘူး…
ငါကလည်း အဖိုးမတန်တဲ့ပစ္စည်းပဲ မင်းဆီက ယူမှာပါ၊ မင်းဆီမှာရှိနေတဲ့ စဥ့်နဲ့လုပ်ထားတဲ့ ဒေါင်းရုပ်ပုံစံဆေးလိပ်ခွက်လေးကိုပဲ ငါ အလိုရှိတယ်…
ရှင်…နေစမ်းပါဦး၊ဒီဆေးလိပ်ခွက်အစုတ်ကို ဘာလို့ အသည်းအသန်လိုချင်နေရတာလဲ


ဒါကို မင်း သိလည်း ဘာမှ အကျိုးမထူးပါဘူး၊စပ် စုချင်တဲ့စိတ်ကိုဖျောက်ပြီး ဆေးလိပ်ပြာခွက်ကလေး ကိုသာ ကျုပ်ကိုပေး ပါ...
ဟုတ်.. ဟုတ်ကဲ့ ကျွန်မအမြန်ဆုံး ရှာကြည့်ပေးပါ့ မယ်...
စကားအဆုံးတွင် သူမသည် တဲအိမ် နောက်ဘက်သို့ ခပ်သွက်သွက် လျှောက်သွား၏။ ထိုမှတစ်ဆင့်...
တဲအိမ်နောက်ဘက်ကမ်းစပ်ရှိကြိုးချည်ထားသောလှေငယ် တစ်စင်းဆီသို့လှော်တက်ကိုကိုင်၍အပြေးတစ်ပိုင်းဆက်ပြေး ၏...


မှောင်နှင့်မည်းမည်းအတွင်း လှေတွင်းသို့ သူမခြေချမိချိန်တွင် လှေပဲ့ပိုင်းမှ မီးခြစ်သံနှင့်အပြိုင် စကားတချို့ကို ကြားလိုက်ရ၏...
ဖြောက်
ကျုပ်ကို ထားပြီး ဘယ်သွား မလို့လဲ မြနန်းသီတာ...
အမယ်လေး
အထိတ်တလန့် အော်ဟစ်မိလိုက်သော မြနန်းသီတာသည် လူစိမ်းအား လှည့်ဖြားရန် မကြိုးစားရဲတော့...
ဟို... ရှင်... ရှင်ပြောတဲ့ ဒေါင်းရုပ်ဆေး လိပ်ခွက်လေးက ဟိုဘက်ကမ်းမှာ ထမင်းဆိုင်ဖွင့်ရောင်းတဲ့ ကျွန်မ ညီမလေးဆိုင်မှာလေ...








လူစိမ်းလော့သောလေသည် တစ်ဘက်ကမ်းဆီသို့ ရိပ်ရိပ်ပြေးနေသလို လှေပေါ်မှ မြနန်းသီတာ၏ စိတ်တို့သည်လည်း ထူးဆန်းသော ဤလူစိမ်းနှင့်ပတ်သက်ပြီး လှုပ်ရှားပြေးလွှားနေ၏...




ခင်ဗျားကျေးတဲ့ထမင်းကို
အလကားစားရင်...
ကျုပ်အပေါ်ကျေးဇူးရှိသွားမှာစိုးလို့
ပိုက်ဆံပေးပြီးစားတာဗျ...
ကျုပ်ဟာ ကျေးဇူးရှင်ကိုဘယ်သော
အခါမှ ဒုက္ခပေးတဲ့ကောင်မဟုတ်...


ထမင်းဆိုင်
ချွင်!
လမ်းပန်းဆက်သွယ်ရေးကောင်းသောမြို့ကြီးတစ်မြို့၏မြို့စွန်တွင်ရှိသော ထမင်းဆိုင်ကြီးသို့ ဖောက်သည်များ ရောက်မလာတော့သဖြင့် ဆိုင်ကိုပိတ်လိုက်၏...
ဤထမင်းဆိုင်ပိုင်ရှင် မတင်ရီသည်ငယ်စဉ်ကယောကျ်ားများနှင့်ရှုပ်ပွေခဲ့သော်လည်း အိမ်ထောင်ကျရန် ကံဇာတာမပါသဖြင့် ယနေ့ထက်တိုင်အပျိုကြီးဖြစ်နေသူ...
ထိုအပျိုကြီးသည် ထမင်းဆိုင်ကြီးဖွင့်ထားသော်လည်း လွန်စွာကပ်စေးနှဲပြီး ဆိုင်၌ လုပ်ကိုင်သော မိန်းကလေးများကို မဝ ရေစာကျွေးမွေးသူ ဖြစ်လေသည်...


ဒုန်း..ဒုန်း..
ဒုန်း...
ဆိုင်အတွင်း ဆိုင် အလုပ်သမားများကို မသင်္ကာကြည့်... လိုက်ကြည့်နေသော အပျိုကြီးသည် ဆိုင်တံခါးထုသံ များကြောင့် ဝမ်းသာ အားရ ရှိသွားပုံရ၏...
ဟဲ့... ဗိုင်းတာမတွေ ဆိုင် တံခါးကို ဖွင့်ခိုင်းနေတာမကြား ဘူးလား၊ နားကန်းနေကြလား မြန်မြန်သွားဖွင့်ပေးလိုက် ကြ...
အမယ်လေး...
ဆွဲဖွင့်လိုက်သည့်တံခါးဝမှပေါ်လာသည့် မြက်ဦးထုပ်ဆောင်း လူစိမ်းကြောင့် ဆိုင် တံခါးဖွင့်ပေးသည့် ဆိုင်အလုပ်သမလေး တချို့လန့်အော်မိသွား...


လူစိမ်းသည် သူ့ကို ဖြုန်းစားကြီးမြင်ပြီး လန့်သွားသော ဆိုင်အလုပ်သမသွားများကို ဂရုမစိုက်ဘဲ စားပွဲလွတ်တစ်လုံးတွင် ဝင်၍ ထိုင်လိုက်သည်...
ဟို... ဒီက ခရီးသွားမောင်လေး ထမင်းသုံးဆောင်မှာလား၊ ပုစွန်တုပ်ဆီပြန်၊ ငါးရံ့အူချဉ်စပ်ဟင်းကလေး ရတယ်လေ...
ဘာနဲ့ သုံးဆောင်မလဲဟင်... နှစ်မျိုးလုံးနဲ့ သုံးဆောင်မှာလား... ဟင် မောင်လေး...
အပျိုကြီးမတင်ရီက နှစ်ရက်သုံးရက် ရောင်းမကုန်သည့် သူ၏အဖိုးကြီးသောဟင်းများရောင်းထွက်စေရန် ရွှန်းရွှန်းဝေမျှ ဈေးခေါ်ခဲ့ပြီ...
ခင်ဗျား စိတ်ချမ်းသာသလိုသာ စီစဉ်လိုက်ပါ...ကျုပ် အတွက် ထမင်းစားရင် လုံလောက်ပါပြီ...


စားပွဲ၌ ပြင်ပေးသောထမင်းဟင်းတို့ကိုလှစိမ်းက ငြိမ်သက်စွာ စားသုံးနေချိန်တွင် ကျသင့်ငွေထက် အဆများစွာ ပိုတွက်တောင်းယူရန် ကြံပြီးသော အပျိုကြီး၏မျက်နှာသည်လောဘရောင်ထနေ၏...
လှစိမ်း ထမင်းစားပြီးသွားသောအခါ အပျိုကြီးဒေါ်တင်ရီသည် ပုံမှန်ကျသင့်ငွေထက် ငါးဆနီးပါးမျှ ပို၍တောင်းလိုက်၏...
လှစိမ်းမကျေမနပ်ဖြစ်မည်ကို ရင်တထိတ်ထိတ်သွားတဖြဲဖြဲနှင့် စောင့်ကြည့်နေသော်လည်း လှစိမ်းကား သူတောင်းသမျှ ငွေအား ပေးလိုက်ပါသည်။သည်နောက်တွင်ကား...
ကဲ...
ထမင်းစားတဲ့
အလုပ်တော့ပြီးသွားပြီ
မားပြတိုက်ရမဲ့ ကျုပ်
အလုပ်ပဲ ကျန်တော့
တယ်...
အမလေးတော့်...
ဘုရားကယ်တော်မူပါ


ခုမှ လာဘုရားတ မနေနဲ့ မိန်းမကြီး... ခင်ဗျား လည်း ထမင်းရောင်းတဲ့အလုပ်ကို စိတ်ကြိုက်လုပ်ပြီးပြီ...ကျုပ်လည်း ကျုပ်ရဲ့ ဓားပြတိုက်တဲ့အလုပ်ကို စိတ်ကြိုက်လုပ်ရလိမ့်မယ်
မ... မလုပ်ပါနဲ့ ဓားပြလေးရယ်... ကျွန်မမှာ အိမ်ထောင်မရှိ မိန်းမတစ်ယောက်တည်း ဆင်းဆင်းရဲရဲ စားသောက်နေရသူပါ...
ခွင့်... ခွင့်လွှတ်ပါ ဓားပြလေးရယ်၊ ကျွန်မ မှားသွားပါတယ်၊ ထမင်းဖိုးတွေကိုလေ အများကြီး အများကြီး ပြန်လျှော့ပါ့မယ်
အဟား ဟား ဟား... ထမင်းဖိုးများမှန်းသိရက်နဲ့ ကျုပ် ကျေကျေနပ်နပ်ကြီး ပေးပြီးပြီပဲ... ဘာမှပြန်လျှော့စရာပြန်ပေးစရာ မလိုပါဘူး...


ဒီမှာတစ်လုပ်စားဖူး
သူ့ကျေးဇူးတဲ့ခင်ဗျား
ကျွေးတဲ့ ထမင်းကို
အလကားစားရင် ကျုပ်
အပေါ် ကျေးဇူးရှိသွား
မှာစိုးလို့ ပိုက်ဆံပေး
စားတာဗျ...
ကျုပ်ဟာ
ကျေးဇူးရှင်ကိုဒုက္ခပေး
တဲ့ကောင်မျိုးဘယ်တော့မှ
အဖြစ်မခံဘူး...
သေသေချာချာ
နားထောင်စမ်း အပျိုကြီး...
ကျုပ် ခင်ဗျားဆီက ဓားပြတိုက်
ယူချင်တာက... ခင်ဗျား
စည်းစိမ်ဥစ္စာတွေကို
မဟုတ်ဘူး...
ချိန်ရွယ်ထားသော ခြောက်လုံးပြူးသေနတ်ကို ကြောင်ငေးနေသော အပျိုကြီး၏ မျက်လုံးကြီးများသည် လူစိမ်း၏စကားတို့ကြောင့် အံ့သြခြင်းကြီးစွာနှင့်ပြူးကျယ်ကုန်၏...


ဟုတ်တယ် ခင်ဗျားနဲ့... တိတ်တိတ်ပုန်းဖြစ်ခဲ့ဖူးတဲ့ လူဖလံလေးစိုးသိန်းရဲ့ နောက်ဆုံးကျန်ခဲ့တဲ့ပစ္စည်းကိုပဲ ကျုပ်ခင်ဗျားဆီက လိုချင်တယ်
အို... မဟုတ်တာရှင်... မဟုတ်တာတွေမပြောပါနဲ့... စိုးသိန်းနဲ့ ကျွန်မက မောင်နှမအရင်းပါ
မလိမ်နဲ့... အမှန်အတိုင်းပြော၊ မပြောရင်... ခု ပစ်သတ်ပစ်မယ်၊ စိုးသိန်းနဲ့ခင်ဗျား ဘာတော်သလဲ...
နဖူးကိုထိသည်ထိ ခြောက်လုံးပြူးနှင့်အချိန်ခံလိုက်ရသဖြင့် အပျိုကြီး၏ရှက်စိတ်အား ကြောက်စိတ်က ဖုံးလွှမ်းသွားပါ၏...


မသတ်ပါနဲ့... အမှန် အတိုင်းပြောပါ့မယ်၊ သူနဲ့ကျွန်မ ဟာ မောင်နှမအရင်းမဟုတ်ပါဘူး၊ ဘုရားဖူးထွက်ရင်း ဆုံကြရာက သူနဲ့ကျွန်မ မေတ္တာမျှခဲ့ကြတာ ပါ...
နောက်တော့ ကျွန်မအိမ်ပေါ် သူတက်လာပြီး ကျွန်မကိုလည်း နှိပ်စက်...သူ့ကိုယ် သူလည်း အရက်ချိုးဖြစ်အောင်လုပ်ပြီး အရက်နဲ့ပဲ သူ သေသွားတာ ကြာပါပြီ...
ဒီလိုကောင် ဆီက ဘာပစ္စည်း မှ ကျွန်မဆီမှာ မကျန် ခဲ့ပါဘူးရှင်...တကယ် ကို မကျန်ခဲ့ပါ ဘူး...
ခင်ဗျား... သေချာစဉ်းစားပါဦး၊ စိုးသိန်းရဲ့ ပစ္စည်းတစ်ခုတော့ ခင်ဗျားဆီမှာ ရှိနေ ပါလိမ့်မယ်၊ အဲဒီပစ္စည်းကတော့ စဥ့်နဲ့လုပ်ထားတဲ့ ဒေါင်းရုပ် ဆေးလိပ်ခွက်လေးပဲ...


လူစိမ်း၏မားပြတိုက်မှုကို ကြာရှည်စွာမအံ့ကြရ၊ ထိုခဏအတွင်းတွင် အပျိုကြီးနှင့် သူ့အလုပ်သမားများသည် အပျိုကြီး အိပ်ခန်းတွင်း၌ လူစိမ်းအလိုရှိသည့်အရာအား နေရာအနှံ့ ပြောင်းဆန်အောင် ရှာဖွေကြရ၏...
ဟင်း...
ဆေးလိပ်ပြာခွက်လို
အစုတ်အပြတ်ကိုမှ မားပြ
တိုက်တောင်းတယ်တဲ့တော်
ကြားကြားဖူးပေါင်...
အချိန်တို့သာကြာခဲ့ပြီး၊ရှာသူတို့ပင်ချွေးဒီးဒီးကျခဲ့ပြီးလူစိမ်းအလိုရှိသော အရာအား အပျိုကြီးတို့တစ်သိုက် ရှာ၍မတွေ့... ထိုအချိန်၌...
အိုး...
မေ့နေလိုက်တာ...
သိပြီ မမလေး၊ ကျွန်မ
သိပြီတော့...